ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး**

(၂၆) ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၈ ခုနှစ်၊ ကဆုန်လဆန်း ၁၃ ရက်**

**( ၂၀၁၆ ခုနှစ်၊ မေလ ၁၉ ရက် )**

**[ကြာသပတေးနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ အဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူး အဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန် အစည်းအဝေးရဲ့ (၂၆)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၁ )ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၂၀၇)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၉၃.၆၇)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးရဲ့ (၂၆)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ် တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေးကို မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၄။**

**ဦးမင်းဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမ ပုံမှန်အစည်းအဝေး(၂၆)ရက်မြောက်နေ့ ၁၉-၅-၂၀၁၆ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်

နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ရဲ့ကိုယ်စား ကျွန်တော် အမျိုးသားလွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီ အတွင်းရေးမှူးဖြစ်သူ ဦးမင်းဦး က ပန်ကြားသွားမှာ ဖြစ်ပါတယ်။ ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်မှာ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါ်ရှီလာနန်တောင် ဖြစ်ပါတယ်။ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၃)ဦးရှိပြီး ယနေ့ ခွင့်ပန်ကြားသူ(၁)ဦး ဖြစ်သည့်အတွက် စုစုပေါင်းခွင့်ပန်ကြားသူ (၁၄)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးအား ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားချက်ကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်ကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၂၁)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၃)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်းခွင့်ပြုထားသူ (၁၄)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင် ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)(အတွင်းရေးမှူး၊ ဥပဒေကြမ်း ကော်မတီ)က တင်သွင်းသည့် ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါက်တာမြတ်ဉာဏစိုး တင်သွင်းတဲ့ ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးရန် လွှတ်တော်ကိုယ်စားလှယ် (၄)ဦး အမည်စာရင်း တင်သွင်းထားပါတယ်။

ပထမဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးရဲထွဋ်ရှိ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၀၇။**

**ဦးရဲထွဋ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများနဲ့ ဧည့်သည်တော်များအားလုံး ကာယသုခ၊ စိတ္တသုခ နှစ်ဖြာနဲ့ ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း ကျွန်တော် နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးရဲထွဋ်ရှိ ဖြစ်ပါတယ်။ အခု ကျွန်တော် ဆွေးနွေးမှာကတော့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက တင်သွင်းခဲ့တဲ့ ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီးတော့ ဆွေးနွေးမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တကယ်တော့ ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်း ဆိုတာ ပြည်သူတွေအနေနဲ့ မိမိတို့ရဲ့ ဆန္ဒတွေကို ဖော်ထုတ်ရာမှာ ဒီမိုကရေစီဘောင်အတွင်းက ဖော်ထုတ်ရာမှာ ကျင့်သုံးတဲ့ နည်းဗျူဟာတစ်ခုပဲဖြစ်ပါတယ်။ ပြည်သူတွေအနေနဲ့ မိမိတို့ ဆန္ဒတွေကို လွတ်လပ်စွာဖော်ထုတ်ခွင့် သို့မဟုတ် ပြည်သူတွေရဲ့ လွတ်လပ်စွာ ပြောဆိုခွင့်ဆိုတာဟာ ဒီမိုကရေစီရဲ့ အနှစ်သာရပဲ ဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော့်အနေနဲ့ အလျဉ်းသင့်လို့ (၁၇)ရာစုနှစ်က ပေါ်ပေါက်ခဲ့တဲ့ ပြင်သစ်တွေးခေါ် ပညာရှင်ကြီးနဲ့ စာရေးဆရာကြီး ဘောလ်တဲ ရဲ့ အဆိုအမိန့်တစ်ခု ကျွန်တော် ကိုးကားလိုပါတယ်။ ဆရာကြီးဘောလ်တဲက I disagree with every word you say but I will defend your rights to say it with my life လို့ ပြောခဲ့ပါတယ်။ ကျွန်တော်တို့ အင်မတန် လေးစားတဲ့ ဆရာကြီးပါ။ ကျွန်တော်တို့ ဆရာကြီးရဲ့ ကမ္ဘာကျော် အဆိုအမိန့်တစ်ခု ဖြစ်ပါတယ်။ ဆရာကြီးက မင်းပြောတဲ့ စကားမှန်သမျှကို တစ်ခွန်းတပါဒမျှ ငါသဘောမတူဘူး။ ဒါပေမဲ့ မင်းရဲ့အဲဒီ ပြောရေးဆိုခွင့်ကိုတော့ ငါ့အသက်နဲ့လဲပြီး ကာကွယ်သွားမယ်လို့ ဆိုလိုတာပါ။

အဲဒီတော့ ဥက္ကဋ္ဌကြီးခင်ဗျား။လွတ်လပ်စွာ ပြောဆိုခွင့်၊ လွတ်လပ်စွာ ရေးသားခွင့်၊လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့် စတဲ့အရာတွေဟာ ဒီမိုကရေစီအခြေခံမူတွေပဲ ဖြစ်ပါတယ်။ လွတ်လပ်စွာ ဆန္ဒဖော်ထုတ်ခွင့်ဟာလည်း ဒီမိုကရေစီအခြေခံမူတစ်ခုပဲ ဖြစ်ပါတယ်။ ဒီမိုကရေစီ လူ့အဖွဲ့အစည်းတစ်ခုမှာ ပြည်သူတွေအနေနဲ့ သူတို့ရဲ့ ဆန္ဒတွေကို ဖော်ထုတ်ဖို့အတွက် ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့် ရှိရမှာဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ တကယ်တော့ ကျွန်တော်တို့နိုင်ငံမှာ ပြည်သူတွေအတွက် ငြိမ်းချမ်းစွာ စုဝေးခွင့်၊ ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်နဲ့ ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်ခွင့် ဆိုတဲ့ ဒီမိုကရေစီအခွင့်အရေးတွေ ကင်းမဲ့ခဲ့တဲ့ ဆယ်စုနှစ်ပေါင်းများစွာ ရှိခဲ့ဖူးပါတယ်။ အဲဒီကာလတွေတုန်း ကဆိုရင် ကျွန်တော်တို့ ပြည်သူတွေဟာ မိမိတို့ရင်ထဲက ဆန္ဒတွေ၊ မိမိတို့ရဲ့ မွေးရာပါအခွင့်အရေး၊ လွတ်လပ်စွာ ပြောဆိုခွင့်၊ လွတ်လပ်စွာ ဆန္ဒဖော်ထုတ်ခွင့်ဆိုတဲ့ မိမိတို့ရဲ့ မွေးရာပါအခွင့်အရေးတွေကို ဖော်ထုတ်မိတဲ့အတွက် ပြင်းထန်တဲ့ပြစ်ဒဏ်တွေ ချမှတ်အရေးယူခြင်း ခံခဲ့ရပါတယ်။ မိမိတို့ရဲ့ နစ်နာချက်တွေ ပြောမိလို့၊ မိမိယုံကြည်တာကို ပြောမိလို့ ဘဝပျက်ခဲ့ရသူတွေ၊ အသက်ပေးခဲ့ရသူတွေ အများကြီး ရှိခဲ့ဖူး ပါတယ်။

လွန်ခဲ့တဲ့ (၅)နှစ်ကာလကတော့ ကျွန်တော်တို့ နာမည်ကျော် ငြိမ်းစုစီလို့ အတိုကောက်ခေါ်တဲ့ နာမည်ကျော်ဥပဒေတစ်ရပ်ပေါ်ပေါက်လာပါတယ်။ ဒါပေမဲ့ အဲဒီဥပဒေဟာ ငြိမ်းစုစီဆိုတာကတော့ ငြိမ်းချမ်းစွာ စုဝေးခွင့်နဲ့ ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာဥပဒေကို ဆိုလိုတာပဲဖြစ်ပါတယ်။ တကယ်တော့ အဲဒီဥပဒေဟာ ပြည်သူတွေကို ငြိမ်းချမ်းစွာ စုဝေးခွင့်၊ ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်တွေကို ပေးခဲ့တယ်ဆိုပေမယ့် ကန့်သတ်မှုတွေ၊ ချုပ်ချယ်မှုတွေ၊ ထိန်းချုပ်မှုတွေနဲ့ ပြင်းထန်တဲ့အရေးယူမှုတွေ အများအပြားပါရှိခဲ့ပါတယ်။ အခု ကျွန်တော်တို့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက တင်သွင်းထားတဲ့ ဥပဒေကတော့ ငြိမ်းချမ်းစွာ စုဝေးခွင့် မဟုတ်ပါဘူး။ ခွင့်တောင်းရတဲ့ ဥပဒေတော့ မဟုတ်ပါဘူး။ ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ခေါင်းစဉ်ကိုက ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေ ဖြစ်ပါတယ်။

ပြည်သူတွေအနေနဲ့ အခု ကျွန်တော်တို့ရဲ့ ကော်မတီမှာ ကော်မတီက တင်သွင်းထားတဲ့ ဥပဒေကို လေ့လာခြင်းအားဖြင့် ကျွန်တော်တို့ ကော်မတီရဲ့ စေတနာကိုလည်း ကျွန်တော်တို့ တွေ့နိုင်ပါတယ်။ ကျွန်တော်တို့ အမျိုးသားဥပဒေကြမ်းကော်မတီရဲ့ ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကြမ်းအပေါ် စိစစ်တင်ပြတဲ့ အစီရင်ခံစာ အပိုဒ် ၂(က)မှာ နိုင်ငံသားတို့အနေဖြင့် စနစ်တကျ ဆန္ဒဖော်ထုတ်ခွင့်ရှိစေရန် ဤဥပဒေကို ပြဋ္ဌာန်းရန်လိုအပ်ခြင်းဖြစ်ကြောင်း၊ ဤသို့ပြဋ္ဌာန်းရာတွင် နိုင်ငံသားတို့၏ အကျိုးစီးပွားကို ဖော်ဆောင်နိုင်ခြင်းမရှိဘဲ ဖိနှိပ်သည့် ဥပဒေမျိုး မဖြစ်စေရန် အထူးလိုအပ်ပါကြောင်းလို့ ဖော်ပြထားတာတွေ့ရပါတယ်။ ဒါဟာ ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီရဲ့ စေတနာ၊ တစ်နည်းအားဖြင့်ပြောရမယ်ဆိုရင်တော့ ကျွန်တော်တို့ Change ပေါ့လေ၊ ကျွန်တော်တို့ ဒါ အပြောင်းအလဲအတွက် ကျွန်တော်တို့ အားလုံး ကြိုးစားခဲ့ကြတယ်။ ကြိုးစားလို့လည်း ဒီအချိန်မှာ ဒီမိုကရေစီ လေပြေတိုက်ခတ်ရုံမကဘဲနဲ့ ကျွန်တော်တို့ ဒီမိုကရေစီလေဟာ ကသုတ်ကရက် တိုက်ခိုက်လာတဲ့ အချိန်ဖြစ်ပါတယ်။ အဲဒီတော့ အဲဒီလိုအချိန်မျိုးမှာ ကျွန်တော်တို့ ဒီမိုကရေစီနဲ့ ပတ်သက်တဲ့ အပြောင်းအလဲတွေ ဖော်ဆောင်ဖို့ လိုပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဒီကနေ့ ဆွေးနွေးနေတဲ့ ဥပဒေကြမ်းပေါ်ပေါက်လာခြင်းဖြစ်တယ်လို့ ကျွန်တော် ယုံကြည်ပါတယ်။ အဲဒီတော့ ဒီနေရာမှာ ကျွန်တော်တို့ ကော်မတီရဲ့ စေတနာကိုလည်း သိတယ်။ ကျွန်တော်တို့ ကော်မတီရဲ့ အပြောင်းအလဲ ဒီ လုပ်ချင်တဲ့ အပြောင်းအလဲတွေကိုလည်း သိတယ်။ ကျွန်တော်တို့ လက်ခံပါတယ်၊ လေးလည်းလေးစားပါတယ်။ သို့သော် ကျွန်တော့်အနေနဲ့ တချို့နေရာတွေမှာ ဒီထက်ချောမွေ့ဖို့လိုတယ်ဆိုတာကို ကျွန်တော် တင်ပြဆွေးနွေးလိုခြင်း ဖြစ်ပါတယ်။

ကျွန်တော်တို့ အခုတင်ပြတဲ့ ဥပဒေဟာ တကယ်ကတော့ အရင်ဥပဒေထက်နိုင်းစာရင်တော့ အများကြီး ဖြေလျှော့ပေးတာတွေ့ရပါတယ်။ ပျော့ပျောင်းတာတွေ တွေ့ရပါတယ်။ သို့သော် ကျွန်တော်တို့အနေနဲ့ ဒီမိုကရေစီကို လျှောက်လှမ်းတဲ့အခါမှာ အရင် ကျွန်တော်တို့ တစ်ခေတ်က ဒီမိုကရေစီနဲ့ ဆန့်ကျင်ဘက် ဖြစ်တဲ့ အငွေ့အသက်တွေ ကင်းစင်ဖို့တော့ လိုမယ်လို့ ကျွန်တော့်အနေနဲ့ ရိုးသားစွာ ယုံကြည်ပါတယ်။ ရိုးသားစွာ ယူဆပါတယ်။ အဲဒီတော့ ဒီနေရာမှာ ကျွန်တော့်အနေနဲ့ ပြင်ဆင်လိုတဲ့အပိုဒ်တွေရှိပါတယ်။ အဲဒါကတော့ အခန်း(၁)၊ အခန်း(၂)တို့နဲ့ ပတ်သက်ပြီးလို့ကတော့ ကျွန်တော် ဆွေးနွေးဖို့ မရှိပါဘူး။ အမည်တို့၊ အဓိပ္ပာယ်ဖွင့်ဆိုချက်တို့၊ ရည်ရွယ်ချက်တို့။ အခန်း(၃)၊ ပုဒ်မ ၄၊ အပိုဒ် (က)(ခ)(ဂ)(ဃ)(င)၊ အခန်း(၅)၊ ပုဒ်မ ၉၊ အပိုဒ် (ဇ)၊ အခန်း(၆)၊ ပုဒ်မ ၁၄ နဲ့ အခန်း(၈) အထွေထွေ၊ အဲဒီအခန်းတွေကို ကျွန်တော် ဒီနေရာမှာ ပြင်ဆင်ဖို့လိုတယ်၊ ဖြည့်စွက်ဖို့လိုတယ်၊ အနည်းငယ်ဖြေလျှော့ပေးဖို့၊ နောက်ထပ် ဖြေလျှော့ပေးဖို့လိုတယ်လို့ ကျွန်တော် ရိုးသားစွာ ယုံကြည်တဲ့အတွက် ဒီနေရာမှာ ဆွေးနွေးတင်ပြရခြင်း ဖြစ်ပါတယ်။

အဲဒါကတော့ အခန်း(၃)မှာ အသိပေးတင်ပြခြင်းဆိုတာ ရှိပါတယ်။ အသိပေးတင်ပြခြင်းမှာ ပုဒ်မ၄(က) ငြိမ်းချမ်းစွာစုဝေးခြင်း ပြုလုပ်လိုသည့်ရည်ရွယ်ချက်၊ နေရာ၊ နေ့ရက်၊ အချိန်အပိုင်းအခြား ငြိမ်းချမ်းစွာစုဝေးခြင်းပြုရာတွင် ဟောပြောလိုသည့် အကြောင်းအရာနှင့် ကြွေးကြော် လိုသည့် ကြွေးကြော်သံများဆိုပြီး ပါ ပါတယ်။ အဲဒီတော့ အချိန်အပိုင်းအခြားဆိုတာကို ကျွန်တော့်အနေနဲ့ မထည့်စေချင်ပါဘူး။ ဘာကြောင့်လဲဆိုတော့ ပြည်သူတွေ ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်တဲ့အခါမှာ အချိန် ကတော့ အပိုင်းအခြားက သိပ်ပြီးတော့ ကန့်သတ်ရာရောက်နေမယ်လို့ ကျွန်တော့်အနေနဲ့ ထင်ပါ တယ်။ အဲဒီတော့ ဒီဟာကိုလည်း မထည့်စေချင်ပါဘူး။

နောက်တစ်ခုက (ဂ)မှာပါတဲ့ ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်း တို့အတွက် လျှောက်ထားသူ ဦးဆောင်မည့်ပုဂ္ဂိုလ်နှင့် ဟောပြောမည့်ပုဂ္ဂိုလ်တို့၏အမည်နှင့်ဆက်သွယ် ရမည့်လိပ်စာအပြည့်အစုံ ဒီနေရာမှာ လျှောက်ထားသူရဲ့ နာမည်နဲ့ လိပ်စာလောက်ပဲ ထည့်ရင် လုံလောက်ပြီလို့ ကျွန်တော့်အနေနဲ့ ယူဆပါတယ်။ ဦးဆောင်မယ့်ပုဂ္ဂိုလ်တို့၊ ဟောပြောမယ့် ပုဂ္ဂိုလ်တို့ ထည့်ခြင်းအားဖြင့် ဒါ အကန့်အသတ်တွေ ရှိနေမယ်လို့ ကျွန်တော့်အနေနဲ့ ထင်မြင်ပါတယ်။ ဒီဟာကိုလည်း ပြောင်းလဲစေချင်ပါတယ်။ နောက်ပြီးတော့ (ဃ)မှာပါတဲ့ ငြိမ်းချမ်းစွာ စုဝေးခြင်း သို့မဟုတ် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်း ပြုလုပ်မည့်အစီအစဉ်နှင့် ခန့်မှန်းလူဦးရေဆိုတာ ခန့်မှန်းလူဦးရေကိုလည်း ကျွန်တော့်အနေနဲ့ မထည့်စေချင်ပါဘူး။ ဘာကြောင့်လဲဆိုတော့ ခန့်မှန်းလူဦးရေ က ဒီဆန္ဒထုတ်ဖော်ပွဲတစ်ခုမှာ ဘေးကရပ်ကြည့်နေတဲ့လူတွေလည်း ပါရင် ပါလာနိုင်ပါတယ်။ ဒါ စိတ်ပါလို့ဆိုတော့ ဒါကိုကန့်သတ်ထားတာမျိုး မဖြစ်စေချင်ပါဘူး။

နောက်ပြီးတော့ (စ)မှာပါတဲ့ ဤဥပဒေပါ စည်းကမ်းချက်များနှင့် ဒေသဆိုင်ရာလိုအပ်ချက် အရ သတ်မှတ်ထားသော စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်း ဝန်ခံချက်ဆိုတဲ့ နေရာမှာ ဝန်ခံချက်လို့မရေးဘဲနဲ့ သဘောတူညီချက်လို့ပဲ ကျွန်တော့်အနေနဲ့ ရေးစေချင်ပါတယ်။ နောက် အခန်း(၅)၊ အခန်း(၅)မှာကတော့(ဇ)မှာပေါ့။ (ဇ)ကတော့ ကျွန်တော့်အနေနဲ့ စာအရေးအသား ကိုပဲ ဆွေးနွေးချင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ နောက်ထပ်(၁၀)မိနစ် ခွင့်ပြုပါတယ်။

ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းပြုရာတွင် လက်ကိုင်အသံချဲ့စက်မှအပ အသံချဲ့စက် အသုံးပြုခြင်းနှင့် ခွင့်ပြုထားသော ကြွေးကြော်သံများမှအပ ကြွေးကြော်ခြင်းနှင့် အော်ဟစ်ခြင်း မပြုလုပ်ရ ဆိုတဲ့နေရာမှာ ဒီနေရာမှာ အသံချဲ့စက် အသုံးပြုခြင်းနှင့် ဆိုတာကို ထည့်စေချင်ပါတယ်။ ပြီးတော့ ကျွန်တော် ခွင့်ပြုထားသောကြွေးကြော်သံများမှအပဆိုတော့ အပေါ်မှာလည်း အပ တစ်ခု ဖြစ်နေတယ်။ အပ နှစ်ခုဖြစ်နေတဲ့အတွက် ကျွန်တော်တို့ လက်ကိုင်အသံချဲ့စက်မှအပ အသံချဲ့စက် အသုံးပြုခြင်းနှင့် ခွင့်ပြုထားသောကြွေးကြော်သံများတွင် မပါဝင်သော ကြွေးကြော်သံများကို ကြွေးကြော် အော်ဟစ်ခြင်းများမပြုရ ဆိုတဲ့သဘောမျိုး ကျွန်တော့်အနေနဲ့ ရေးသားစေချင်ပါတယ်။

နောက်တစ်ခုကတော့ ဒီအခန်း(၆) အရေးယူဆောင်ရွက်ခြင်းဆိုတဲ့နေရာမှာ အရေးကြီး ပါတယ်။ အခန်း(၆)၊ အပိုဒ် ၁၄ မှာ တာဝန်ရှိပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းက တားမြစ်ပြီးနောက် ဆက်လက်စည်းကမ်းဖောက်ဖျက်ခြင်းများ၊ လူစုမခွဲဘဲ စုဝေး ဒီနေရာမှာ စုဝေးခြင်း ဆိုတာကို ထည့်စေချင် ပါတယ်။ စုဝေးခြင်း၊ စီတန်းလှည့်လည်ခြင်းများ ရှိနေပါက မြို့နယ်ရဲတပ်ဖွဲ့မှူးသည် တည်ဆဲဥပဒေ၊ တည်ဆဲနည်းဥပဒေ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လူစုကွဲသည် အထိ ဆက်လက်အရေးယူဆောင်ရွက်ရမည် ဆိုတဲ့နေရာမှာ မြို့နယ်ရဲတပ်ဖွဲ့မှူးကို အာဏာတွေ သိပ်ပေးထားရာ ရောက်ပါတယ်။ တကယ်လို့များ ကျွန်တော် ဘာရည်ရွယ်ချက်နဲ့မှ ပြောတာမဟုတ်ပါဘူး။ ဒီမိုကရေစီကို ပျက်ပြယ်စေလိုတဲ့ ဆန္ဒနဲ့များလုပ်ခဲ့ရင် ကျွန်တော်တို့က ဒါ ကြီးတဲ့အမှု ငယ်အောင်၊ ငယ်တဲ့အမှု ပပျောက်အောင် လုပ်ရမှာ ဖြစ်ပါတယ်။ ဒါ တာဝန်ရှိတဲ့လူတွေက တစ်ခုခုများမှားယွင်းပြီးတော့ လိုအပ်တာထက်ပိုပြီးတော့ အရေးယူတာမျိုးလုပ်ခဲ့လို့ရှိရင် ကျွန်တော်တို့ သွားနေတဲ့ဒီလမ်းကြောင်း ကိုပါ နိုင်ငံတစ်နိုင်ငံလုံးသွားနေတဲ့ လမ်းကြောင်းကိုပါ ထိခိုက်နိုင်ပါတယ်။ အဲဒါကြောင့် ဒီမြို့နယ်ရဲ တပ်ဖွဲ့မှူးတစ်ယောက်တည်းကို ကျွန်တော်တို့ အာဏာတွေ အကုန်ပေးထားတာ မဟုတ်ဘဲနဲ့ အနည်းဆုံး တော့ ကျွန်တော်တို့ ခရိုင်တရားသူကြီး ရှိဖို့လိုပါတယ်။ ဒီနေရာမှာ ခရိုင်အဆင့် ပုဂ္ဂိုလ်တွေ ရှိဖို့လိုပါတယ်။ အဲဒါကို နည်းနည်းပြန်ပြီး စဉ်းစားစေချင်ပါတယ်။

အဲဒီတော့ လုပ်ထုံးလုပ်နည်းများနှင့်အညီလူစုကွဲသည်အထိ ဆက်လက်အရေးယူဆောင်ရွက် ရမည်ဆိုတော့ ဘယ်လိုအရေးယူရမယ်ဆိုတာ မပါဘူး။ သဘောက တရားသူကြီးလည်း မပါဘူး။ အဲဒီ တော့ လူ့ဂုဏ်သိက္ခာနဲ့ လူ့အခွင့်အရေးတွေကို မထိခိုက်စေသော နည်းလမ်းများဖြင့် တွေ့ဆုံညှိနှိုင်း ဆွေးနွေးသော နည်းလမ်းများဖြင့် ဆက်လက်အရေးယူဖို့ စသဖြင့်ပေါ့လေ။ ဒါကတော့ ကျွန်တော် ဒီမှာ ထပ်စဉ်းစားဖို့ ပြောတာပါ။ ကျွန်တော်တို့ ဒီဟာကို ပြုပြင်ပြောင်းလဲစေချင်ပါတယ်။

နောက်တစ်ခုကတော့ အခန်း(၈) အထွေထွေဖြစ်ပါတယ်။ အထွေထွေ အခန်း(၈) ၂၁ မှာ ဤဥပဒေအရ တရားစွဲဆိုရာတွင် ဆက်စပ်မြို့နယ်များ ပါဝင်နေပါက သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်းဖြစ်လျှင် ပြစ်မှုကို စတင်ဖောက်ဖျက်ကျူးလွန်သည့် မြို့နယ်တရားရုံး ကသာ စီရင်ပိုင်ခွင့်ရှိသည်လို့ ရေးထားပါတယ်။ ဒါလည်းကောင်းပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ ပြီးခဲ့တဲ့ကာလတုန်းကဆိုရင် ဆန္ဒထုတ်ဖော်တဲ့သူတွေဟာ ပုဒ်မ ၁၈၊ ပုဒ်မ ၁၉ တို့နဲ့ အရေးယူခံရတယ်။ နောက်ပြီးတော့ ကျွန်တော်တို့ မြို့နယ်တိုင်းမှာ ဖြတ်သန်းတဲ့မြို့နယ်တိုင်းမှာ တရား

စွဲခံရတယ်။ဒီ ကျွန်တော်တို့ ၂၀၁၅ မတ်လတုန်းက စတင်ခဲ့တဲ့ကျောင်းသားတွေဆိုလို့ရှိရင် လက်ပံတန်း ကျောင်းသားတွေဆိုလို့ရှိရင် မြို့နယ်တိုင်းကိုသွားပြီးတော့ ဒီနေ့ သာယာဝတီ၊ နောက်နေ့ အင်းစိန်၊ နောက်နေ့ ပဲခူး စသဖြင့် သွားပြီးတော့ တရားဆိုင်နေရတယ်။ အဲဒါမျိုးတွေ ရှိခဲ့ဖူးတယ်။ အခုတော့ ကျွန်တော်တို့ ဒီမိုကရေစီအစိုးရလက်ထက်မှာ ဒီဟာတွေကို ပြီးပြတ်အောင် လုပ်ပေးပြီးခဲ့ပါပြီ။ ဒါက လည်း ကျေးဇူးတင်စရာပါ။

သို့သော် ကျွန်တော်တို့ ဒီနေရာမှာ ကျွန်တော် ပြောချင်တာကတော့ ဒီ ၂၀ မှာ ဆက်စပ် မြို့နယ်များ ပါဝင်နေပါက သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်း ဖြစ်လျှင် ဆိုတော့ အဲဒီနေရာမှာ ပြည်နယ်တစ်ခု တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တစ်ခုအတွင်းမဟုတ်ဘဲနဲ့ ဘယ်နှစ်တိုင်းပဲဖြတ်ဖြတ် ဥပမာမြစ်ဆုံချီတက်လမ်းလျှောက်ပွဲတို့လို ဘယ်နှစ်တိုင်းပဲဖြတ်ဖြတ်အရေးယူ အကယ်၍ ဥပဒေအရ အရေးယူဖို့လိုအပ်ရင် အမှုတစ်ခုတည်းပဲ တရားစွဲဖို့ ကျွန်တော် ပြင်ဆင်စေချင် ပါတယ်။ အဲဒါကတော့ ကျွန်တော် ဒီပေါ်မှာ ကျွန်တော့်ရဲ့အမြင်ကို တင်ပြခြင်းဖြစ်ပါတယ်။ လေးစား အပ်တဲ့ ဥက္ကဋ္ဌကြီးနှင့်တကွ ကိုယ်စားလှယ်တော်ကြီးများ အားလုံးကို ကျွန်တော် ကျေးဇူးတင်ပါတယ်။ ကျွန်တော်ဆွေးနွေးခွင့်ရတဲ့အတွက်။ (ဩဘာသံများ)

**အချိန်၊ ၁၀း၂၀။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဌေးဦး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၂၀။**

**ဦးဌေးဦး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ အားလုံး ကျွန်တော်တို့ရဲ့ အဓိကတာဝန်ဖြစ်တဲ့ ဥပဒေပြုလုပ်ငန်းတွေကို အောင်အောင်မြင်မြင် ချောချောမွေ့မွေ့ ပြည်သူတွေကို ကာကွယ်စောင့်ရှောက် တဲ့ ဥပဒေမျိုးတွေ ဖြစ်အောင် ညီညီညွတ်ညွတ်နဲ့ ဆောင်ရွက်နိုင်ကြပါစေလို့ ဆုတောင်းပြီးတော့ ဂါရဝပြု နှုတ်ဆက်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၂)က အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးဌေးဦး ဖြစ်ပါတယ်။ အဲဒီတော့ ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်း လှည့်လည်ခြင်းဆိုင်ရာ ဥပဒေကြမ်းအပေါ်မှာ အရင်ဆုံး ကျွန်တော်ဆွေးနွေးလိုတာကတော့ ပုဒ်မ၂(ခ)၊ ပုဒ်မ ၂(ဂ)နဲ့ ပုဒ်မ ၂၂ (၃)ခုကို တစ်ပြိုင်နက်တည်း ကျွန်တော် ဆွေးနွေးတင်ပြချင်ပါတယ်။ အဲဒီတော့ အရင်ဆုံး ပြောချင်တာက ဘာလဲဆိုတော့ ဒီ ပုဒ်မ ၂ အဓိပ္ပာယ်ဖွင့်ဆိုချက်ဟာ ဥပဒေတစ်ခုအတွက် ဘယ်လောက်အရေးကြီးလည်းဆိုတာ ဥပဒေသမားတိုင်း သိပါတယ်။ ကျွန်တော်တို့ အဓိပ္ပာယ်ဖွင့်ဆိုချက် ဆိုတဲ့နေရာမှာ ဗမာစကားလုံးတစ်လုံးကို ဒီစာလုံးရေးထားရုံနဲ့ အားလုံးသိပြီလို့ ပြောလို့မရဘူး။ ဒီဥပဒေမှာ ဒီစကားလုံးက ဘာအဓိပ္ပာယ်လဲလို့သိချင်ရင် အဲဒီအဓိပ္ပာယ်ဖွင့်ဆိုချက်ကို ကြည့်မှ သာလျှင် အဲဒီအဓိပ္ပာယ်ကို သိနိုင်မှာ ဖြစ်ပါတယ်။ အပြင်မှာ ဘာအဓိပ္ပာယ်ပဲရှိရှိ အဲဒီဥပဒေမှာ ပြဋ္ဌာန်းတဲ့ အဲဒီဥပဒေအလို့ငှာ ပြဋ္ဌာန်းတဲ့ သတ်မှတ်တဲ့ အဓိပ္ပာယ်သာလျှင် ကောက်ယူရမှာ ဖြစ်တယ်ဆိုတာ အားလုံးသိပြီး ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အဓိပ္ပာယ်ဖွင့်ဆိုချက်မှာပါတဲ့ အင်္ဂါရပ်များကိုသာ ကျွန်တော်တို့ ရှေ့နေ၊ ရှေ့ရပ်တွေ၊ တရားသူကြီးတွေ၊ ဥပဒေအရာရှိတွေကနေပြီးတော့ အဲဒီအဓိပ္ပာယ်ဖွင့်ဆိုချက်မှာပါတဲ့

အင်္ဂါရပ်တစ်ခုချင်း တစ်ခုချင်းကို ကောက်ပြီးတော့ ဒီ အဓိပ္ပာယ်သက်ရောက်သလား၊ ဒီပုဒ်မနဲ့ ငြိသလား၊ ဒီလိုသုံးသပ်ဆုံးဖြတ်ပြီးတော့ ကျင့်သုံးရတာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အဓိပ္ပာယ်ဖွင့်ဆိုချက်ဆိုတဲ့ နေရာမှာ အင်မတန်မှ ဥပဒေတစ်ခုအတွက် အရေးကြီးတယ်ဆိုတာကို ပဏာမအနေနဲ့ ပြောကြား လိုပါတယ်။

အဲဒါကြောင့်မို့လို့ အခုဒီဥပဒေမှာ ပြဋ္ဌာန်းထားတဲ့ ပုဒ်မ၂(ခ) ငြိမ်းချမ်းစွာ စုဝေးခြင်း အဓိပ္ပာယ်ဖွင့်ဆိုချက်နဲ့ ပုဒ်မ ၂(ဂ) ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်း အဓိပ္ပာယ်ဖွင့်ဆိုချက် နှစ်ခုသည် အရင်ငြိမ်းစုစီ ဥပဒေရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်တွေအတိုင်း ဖြစ်နေတာကို တွေ့ရှိကြရမှာ ဖြစ်ပါတယ်။ အဲဒီတော့ ဒီဥပဒေမှာ ကျွန်တော် အဓိက ထောက်ပြချင်တာက ဘာလဲဆိုတော့ ငြိမ်းချမ်းစွာ စုဝေးခြင်း ဆိုသည်မှာ ဤဥပဒေအရ သတ်မှတ်ခွင့်ပြုသည့် အများပြည်သူဆိုင်ရာနေရာတွင် မိမိသဘော ဆန္ဒကို ဖော်ပြရန်အလို့ငှာ တစ်ဦးထက်ပိုသောသူများက သတ်မှတ်စည်းကမ်းနဲ့အညီ ငြိမ်းချမ်းစွာ ရောက်ရှိခြင်း ဟောပြောခြင်းကို ဆိုသည်။ အဓိက ဘာပြောချင်လဲဆိုတော့ တစ်ဦး ထက်ပိုတဲ့သူများက လုပ်လို့ရှိရင် ငြိမ်းချမ်းစွာ စုဝေးခြင်းဆိုတဲ့ အဓိပ္ပာယ်သက်ရောက်တယ်လို့ ဒီမှာရေးထားပါတယ်။ ဒါဆိုရင် တစ်ယောက်တည်း တစ်ကိုယ်တော်ဆန္ဒပြသမားတွေဟာ ငြိမ်းချမ်းစွာ စုဝေးခြင်းအဓိပ္ပာယ်ထဲမှာ မငြိစွန်းတဲ့အတွက် အပြစ်မရှိဘူးဆိုတဲ့ အဓိပ္ပာယ်သက်ရောက်ပါတယ်။ ဒါအရင် ဥပဒေတုန်းကလည်း ဒီအတိုင်းပဲ ဒီအမှုတွေလိုက်ရင် ကျွန်တော် ဒီဟာကိုအမြဲထောက်ပြီးတော့ အသုံးပြုပါတယ်။ အဲဒီတော့ ဒီအတိုင်းပဲ ပုဒ်မ၂(ဂ)မှာလည်း ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းမှာလည်း တစ်ဦးထက်ပိုတဲ့လူများက လုပ်မှ ဒီအဓိပ္ပာယ်သက်ရောက်တယ်လို့ ဖော်ပြထားတဲ့အတွက် တစ်ကိုယ်တော် ဆန္ဒပြသမားတွေဟာ ဒီဥပဒေနဲ့ မသက်ဆိုင်ဘူး ဆိုပြီးတော့ အဓိပ္ပာယ်ထွက်နေတာ သေချာပါတယ်။ အဲဒီတော့ ဒီအခု လက်ရှိ ဥပဒေကြမ်းမှာကျတော့ အဲဒီဟာကို အကာအကွယ်ဖြစ်အောင် ပုဒ်မ ၂၂ ကို ဖြည့်ထားတာကို တွေ့ကြရမှာ ဖြစ်ပါတယ်။ ပုဒ်မ ၂၂ မှာ တစ်ကိုယ်တော် ဆန္ဒပြသမားတွေလည်း မလွတ်အောင်လို့ ဆိုပြီးတော့ နိုင်ငံသားတစ်ဦးချင်းကလည်း ဒီလိုမျိုးလုပ်လို့ရှိရင် ဒီဥပဒေပြဋ္ဌာန်းချက်တွေ လိုက်နာရမယ်။ မလိုက်နာ ရင် အရေးယူခံရမယ်ဆိုပြီးတော့ ဖော်ပြထားပါတယ်။

ဒါဆိုရင် ကျွန်တော် ပြောချင်တာကတော့ ဥပဒေ တစ်ရပ်တည်းဖြစ်နေပြီးတော့ ဥပဒေ တစ်ခုတည်းမှာကို ရှေ့မှာတစ်မျိုး အဓိပ္ပာယ်ဖွင့်ထားပြီးတော့ အဲဒီအဓိပ္ပာယ်နဲ့ လွတ်နေတဲ့ဟာကို နောက်မှာ နောက်ပုဒ်မ တစ်ခုနဲ့တစ်ခါ ရှေ့တစ်မျိုး နောက်တစ်မျိုး ဖြစ်တယ်လို့ ပြောလို့ရတဲ့ အနေ အထား ဖြစ်ပါတယ်။ အဲဒီတော့ အဓိပ္ပာယ်ဖွင့်ဆိုချက်ထဲမှာ အဲဒါတွေကို ခြုံငုံမိအောင်ရေးလို့ မရလို့လား ဒါ မေးခွန်းထုတ်စရာ ရှိပါတယ်။ အဲဒီတော့ အပြင်မှာ ဘာအဓိပ္ပာယ်ပဲရှိနေပါစေ ဒီမှာလုံလောက်အောင်၊ ပြည့်စုံအောင် သူ့အင်္ဂါရပ်တွေကို ဖော်ပြပြီး အဓိပ္ပာယ် ဖွင့်ဆိုလိုက်ရင် ရပါတယ်။ အဲဒီတော့ နမူနာ အနေနဲ့ ကျွန်တော် အနီးစပ်ဆုံး နိုင်ငံတော်ရဲ့ အတိုင်ပင်ခံ ပုဂ္ဂိုလ်ဆိုင်ရာ ဥပဒေတုန်းက နိုင်ငံတော်ဆိုတဲ့ အသုံးအနှုန်းဟာ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ တရားရေးမဏ္ဍိုင်ကို ဘေးဖယ်ထားပြီးတော့ ဥပဒေပြု မဏ္ဍိုင်နဲ့ အုပ်ချုပ်ရေးမဏ္ဍိုင်ကို နိုင်ငံတော်လို့ အဓိပ္ပာယ် ဖွင့်ဆိုရမယ်လို့ ဖွဲ့စည်းပုံမှာ ပါပြီးဖြစ်ပါတယ်။ သို့သော် နိုင်ငံတော်ဆိုင်ရာ အတိုင်ပင်ခံဥပဒေမှာ အဲဒီဥပဒေအလို့ငှာ နိုင်ငံတော်ဆိုတဲ့ အဓိပ္ပာယ်သည် ပြည်ထောင်စုတစ်နိုင်ငံလုံးကို ဆိုလိုတယ်ဆိုပြီးတော့ အဓိပ္ပာယ်ဖွင့်ထားတာ အားလုံး သတိပြုမိကြမှာပါ။ အဲဒီတော့ ဖွဲ့စည်းပုံမှာ ဘယ်လိုပဲ အဓိပ္ပာယ်ဖွင့်ထားထား၊ မြန်မာအဘိဓာန်မှာ ဘယ်လိုပဲ အဓိပ္ပာယ်ဖွင့်

ထားထား ဒီဥပဒေအတွက်သုံးချင်ရင် ဒီဥပဒေအတွက် ပြည့်စုံလုံ လောက်တဲ့ ပြဋ္ဌာန်းမှု လုပ်နိုင်တယ်။ ဒီဥပဒေအတွက်သာလျှင် ပြည့်စုံဖို့လိုပါတယ်။ ဒါကြောင့်မို့လို့ ပုဒ်မ ၂(ခ)မှာ ငြိမ်းချမ်းစွာ စုဝေးခြင်း ဆိုသည်မှာ ဤဥပဒေအရ သတ်မှတ်ခွင့်ပြုသည့် အများပြည်သူဆိုင်ရာ နေရာတွင် မိမိသဘောထား ဆန္ဒကို ဖော်ပြရန်အလို့ငှာ တစ်ဦးတည်းကဖြစ်စေ၊ တစ်ဦးထက်ပိုသော သူများကဖြစ်စေ သတ်မှတ် စည်းကမ်းများနှင့်အညီ လက်နက်မပါဘဲ ငြိမ်းချမ်းစွာ ရောက်ရှိခြင်း၊ ဟောပြောခြင်းကို ဆိုလိုသည်ဆိုရင် အားလုံးလုံလောက်သွားပြီ ဖြစ်ပါတယ်။ ဒီအတိုင်းပဲ ပုဒ်မ၂(ဂ)မှာလည်း အဲဒီအတိုင်းပဲ တစ်ဦးတည်းက ဖြစ်စေ၊ တစ်ဦးထက်ပိုသောသူများကဖြစ်စေ သတ်မှတ်စည်းကမ်းနဲ့အညီ လက်နက်မပါဘဲ ငြိမ်းချမ်းစွာ စနစ်တကျ လှည့်လည်ခြင်းကို ဆိုလိုသည်ဆိုရင် ဒီဟာပြီးသွားပြီ ဖြစ်ပါတယ်။ ပြည့်စုံသွားပြီ ဖြစ်ပါတယ်။ စောစောက ဒါကြောင့်မို့လို့ အဲဒီလို ပြင်ဆင်သင့်ပါတယ်။ ပုဒ်မ ၂၂ ကို ဖျက်လိုက်ရုံပါပဲ။ အဲဒါ ပထမ အနေနဲ့ ကျွန်တော် ဆွေးနွေးချင်တဲ့အချက်ပါ။

ဒုတိယဆွေးနွေးချင်တဲ့အချက်ကတော့ အခန်း(၃) စောစောက ပုဒ်မ ၄(က)ပါ။ အဲဒီတော့ ဟောပြောလိုတဲ့အကြောင်းအရာတွေကို၊ ကြွေးကြော်လိုတဲ့ အကြောင်းအရာတွေကို ကျွန်တော်တို့ ဖော်ပြရမယ်လို့ သတ်မှတ်ထားပါတယ်။ အဲဒီလိုမျိုး သတ်မှတ်ထားတဲ့ဟာကို မလိုက်နာရင် ကျွန်တော်တို့ အရေးယူတဲ့ အခန်းမှာ သွားငြိပါမယ်။ အဲဒီတော့ ကျွန်တော် အဓိကပြောချင်တာ ဟောပြောလိုတဲ့ အကြောင်းအရာတွေက လူတိုင်းလူတိုင်း အများစုက လက်တမ်းပြောနေတာ။ ပြောမယ့်အကြောင်း အရာတွေ အကုန်လုံးကို (က) ကနေ (အ) အထိ မဖော်ပြနိုင်ရင် မလိုရင် မလိုသလို ဖော်ပြတဲ့အထဲမှာ မပါတဲ့အတွက် အရေးယူတာမျိုး ဖြစ်လာနိုင်ပါတယ်။ ဒါကြောင့်မို့လို့ အဲဒီမှာ ဟောပြောလိုသည့် အဓိက အကြောင်းအရာများ ဆိုပြီးတော့ အဓိကဆိုတဲ့ စာလုံးကို ထည့်ပေးစေလိုပါတယ်။ ဒီအတိုင်းပဲ ပုဒ်မ ၄(ဂ)ကိုတော့ ကျွန်တော်တို့ ပယ်ဖျက်ပေးစေချင်ပါတယ်။ စောစောက ဦးဆောင်တဲ့လူရဲ့ အမည်၊ လိပ်စာလောက် ဆိုရင်လုံလောက်ပါပြီ။ ကျွန်တော်တို့ ကျန်တဲ့ဟောပြောမယ့်လူတွေ တစ်ယောက်ချင်းရဲ့ အမည်တွေ၊ လိပ်စာတွေ ဒါတွေက အဲဒီကျတော့မှ စိတ်ပါလာပြီး ထဟောပြောမယ့်လူလည်း ရှိကောင်း ရှိလာနိုင်တဲ့အတွက် အဲဒီလိုမျိုး အသေသတ်မှတ်ထားရင် တရားမျှတမှုမရှိဘူး၊ အဲဒါကြောင့် ပယ်ဖျက် ပေးသင့် တယ်လို့ ဆွေးနွေးလိုပါတယ်။

အဲဒီတော့ နောက်တစ်ခုက ပုဒ်မ၄(စ)မှာ ဤဥပဒေပါ စည်းကမ်းများနှင့် ဒေသဆိုင်ရာ လိုအပ်ချက်အရ ကျွန်တော်တို့ သတ်မှတ်ထားသည့် စည်းကမ်းများကိုလည်း လိုက်နာဆောင်ရွက် ရမယ်ဆိုပြီးတော့ ကျွန်တော်တို့ ဝန်ခံချက် ရေးရမယ်လို့ ပါ ပါတယ်။ အဲဒီတော့ အရင်ဆုံး ဒီပုဒ်မနဲ့ ပတ်သက်ပြီးတော့ ဝန်ခံချက်ဆိုတဲ့ အသုံးအနှုန်း လက်မခံနိုင်ပါဘူး။ ဒါသည် အင်မတန်မှ စီးပိုးတဲ့ အသုံးအနှုန်းပါ။ ဝန်ခံချက်အစား သဘောတူချက်ပေးရမယ်ဆိုတဲ့ ဟာမျိုးဆို လုံလောက်ပါတယ်။ အဲဒီအပြင် လိုအပ်ချက်အရ သတ်မှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းတွေ၊ ဒေသန္တရ စည်းမျဉ်းစည်းကမ်း တွေလို့ ပြောရင် အခုကျမှ မုန်းရင်မုန်းသလို ထရေးပြီးတော့ စည်းကမ်းသတ်မှတ်ရင်တော့ ဒါမတရား ပါဘူး။ ဒါကြောင့်မို့လို့ ဒေသဆိုင်ရာ လိုအပ်ချက်အရ မူလကတည်းကဆိုတဲ့ စာသားကို ထည့်ပြီးတော့ မူလကတည်းက သတ်မှတ်ထားတဲ့ စည်းကမ်းတွေဖြစ်ဖို့ လိုပါတယ်။ အဲဒီတော့ ပုဒ်မ ၄(စ)မှာ (၂)ချက်ပါ။ မူလကတည်းက သတ်မှတ်ထားတဲ့ စည်းကမ်းဆိုတဲ့ တစ်ချက်ရယ်၊ ဝန်ခံချက်အစား သဘောတူချက် ဆိုတဲ့အချက်ရယ် ပြင်ပေးစေလိုပါတယ်။

နောက်တစ်ခုကတော့ ပုဒ်မ ၉ရဲ့ (ဂ)ပါ။ ပုဒ်မ ၉(ဂ)မှာ ယာဉ်များသွားလာခြင်း၊ အများပြည်သူ နှောင့်ယှက်ခြင်းဖြစ်စေတဲ့ တားဆီးပိတ်ပင်ခြင်းများ မလုပ်ရလို့ တားထားပါတယ်။ ဒါအခြေအနေအရ အဲဒီလိုတားတဲ့ ပိတ်ပင်တဲ့ သဘောမျိုး၊ လမ်းပိတ်သွားတဲ့အနေအထားမျိုးလည်း ဖြစ်ကောင်း ဖြစ်လာနိုင်တယ်။ အဲဒါကြောင့်မို့လို့ အဲဒီပုဒ်မမှာလည်း တမင်တကာ မပြုလုပ်ရဆိုတဲ့ဟာမျိုးလေး ကျွန်တော်တို့ ဖြည့်ပေးသင့်ပါတယ်။ တမင်တကာပြုလုပ်ရင်တော့ အပြစ်ဖြစ်မယ်။ ဒါ လိုအပ်လို့ အကြောင်းကြောင်းကြောင့် သူ့ဟာသူ လမ်းပိတ်သွားတာတို့ ဘာတို့ ဆိုရင်တော့ အပြစ်မဖြစ်ဘူးဆိုတဲ့ သဘောပါ။ နောက်တစ်ခါ ပုဒ်မ ၉ရဲ့ (ဇ)မှာလည်း ခွင့်ပြုထားတဲ့ ကြွေးကြော်သံမှအပလို့ သုံးထားတဲ့အတွက် ခွင့်ပြုတယ်ဆိုတာ ဒါအမိန့်ပေးတာပဲ။ အဲဒီတော့ အဲဒီအစား ခွင့်ပြုထားတယ်ဆိုတဲ့ အသုံးအနှုန်းကို ညှိနှိုင်းသဘောတူထားသည့် ကြွေးကြော်သံများမှအပ ဆိုပြီးတော့ အဲဒီလို ပြောင်းလဲပေးဖို့----

**ဥက္ကဋ္ဌ**။ ။ နောက်ထပ်၁ဝ မိနစ် ထပ်ပေးမယ်။

**ဦးဌေးဦး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)**။ ။ မေတ္တာရပ်ခံပါတယ်။ အဲဒီတော့ ပုဒ်မ ၂ဝ နဲ့ပတ်သက်ပြီးတော့ ကျွန်တော် ပြောချင်ပါတယ်။ မည်သူမဆို ဤဥပဒေပါ ပြစ်မှုတစ်ခုခုကို ဖောက်ဖျက်ကျူးလွန်ပါက ထိုသူကို သက်ဆိုင်ရာ တရားရုံးသို့ (၁၅)ရက်အတွင်း တရားစွဲဆိုတင်ပို့ရမယ်လို့ ဖော်ပြထားပါတယ်။ (၁၅)ရက်ကျော်ရင် တရားမစွဲရဘူးလို့ ပိတ်ထားတာ မရှိပါဘူး။ အဲဒီတော့ လိုရင် လိုသလို မလိုရင်မလိုသလို ဘဝမျိုးကို ကျွန်တော်တို့ နှစ်ပေါင်းများစွာ ဖြတ်သန်းခဲ့ရတဲ့ လူတွေအနေနဲ့ သံသယ ရှိပါတယ်။ ဥပဒေဆိုတာ ရှင်းလင်းပြတ်သားပြီးတော့ တတ်နိုင်သလောက် တိကျဖို့ လိုပါတယ်။ ဒါကြောင့်မို့လို့ အဲဒီလို ပြဋ္ဌာန်းထားမယ့်အစား ကျွန်တော်တို့ တရားရုံး မထီမဲ့မြင်ပြုမှု ဥပဒေမှာ ပြဋ္ဌာန်းထားသလိုပဲ ရှင်းလင်းပြတ်သား စေချင်ပါတယ်။ အဲဒီတော့ ဤဥပဒေပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ကျူးလွန်ခဲ့သည်ဟု အဆိုရှိသော နေ့မှစ၍ ရက်ပေါင်း (၃ဝ)အတွင်း (၁၅)ရက်ကိုတော့ (၃ဝ)လောက်ပြောင်းသင့်တယ်လို့ ထင်ပါတယ်။ ရက်ပေါင်း(၃ဝ)အတွင်း အမှုကို ဖွင့်လှစ်အရေးယူရမည်။ သတ်မှတ်ထားသောကာလထက် ကျော်လွန်ပါက မည်သည့် တရားရုံးကမျှ အဆိုပါအမှုကို လက်ခံအရေးယူ ဆောင်ရွက်ခြင်းမပြုရဆိုရင် ဒါဆိုရင် အားလုံးမျှတပြီးတော့ ရှင်းလင်းသွားမှာ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ စောစောက ပုဒ်မ ၂၂ ကို ပယ်ဖျက်သင့်တယ်ဆိုတာလည်း ပြောပြီးပါပြီ။ ဒါကြောင့်မို့လို့ ကျွန်တော် အခု ဆွေးနွေးလိုတဲ့အကြောင်းအရာတွေကတော့ ဒါပဲဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါ တယ်။ (သြဘာသံများ)

**အချိန်၊ ၁ဝး၃၃။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁ဝ)မှ ဦးသိမ်းဆွေ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁ဝး၃၃။**

**ဦးသိမ်းဆွေ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁ဝ)**။ ။ အားလုံး မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတို့နဲ့ ပြည့်စုံကြပါစေခင်ဗျား။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁ဝ)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးသိမ်းဆွေ

ဖြစ်ပါတယ်။ ကျွန်တော်တို့ အခု ငြိမ်းစုစီလို့ ခေါ်တဲ့ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေဟာ ကျွန်တော်တို့ တိုင်းပြည်အတွက် အင်မတန်မှ အရေးကြီးပါတယ်။ ဒီလိုအရေးကြီးတဲ့ ဥပဒေဖြစ်တဲ့အတွက် နိုင်ငံတကာ စံနှုန်းတွေနဲ့ ယှဉ်နိုင်စေဖို့အတွက် ဥပဒေရဲ့ သက်ရောက်မှုတိုင်းမှာလည်း ပြည်သူလူထုကိုယ်တိုင် လိုက်နာကျင့်ကြံ နိုင်မယ့် အချက်အလက်တွေကို ဥပဒေမှာ ထည့်သွင်းနိုင်ဖို့အတွက် ကျွန်တော် မြင်သလောက်ကို နောက်တစ်ခုက ကျွန်တော်နဲ့အတူ ဒီကာလအရှေ့ပိုင်း နိုင်ငံရေးဖြတ်သန်းစဉ်ကာလ ကြုံတွေ့ခဲ့ရတဲ့ပုဂ္ဂိုလ်တွေနဲ့ တိုင်ပင်ဆွေးနွေးတဲ့အခါမှာ ရရှိတဲ့အချက်အလက်ပေါ်မှာ မူတည်ပြီးတော့ ဆွေးနွေးတင်ပြလိုခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြင်ဆင်လိုက်တဲ့ ဥပဒေရဲ့အပိုဒ် ၂၊ အပိုဒ်ခွဲ(ခ)မှာ ငြိမ်းချမ်းစွာ စုဝေးခြင်း ဆိုသည်မှာ ဤဥပဒေအရ သတ်မှတ်ခွင့်ပြုသည့် အများပြည်သူဆိုင်ရာ နေရာတွင် မိမိသဘောဆန္ဒကို ဖော်ပြရန်အလို့ငှာ တစ်ဦးထက်ပိုသူများက သတ်မှတ်စည်းကမ်းများနှင့်အညီ လက်နက်မပါဘဲ ငြိမ်းချမ်းစွာ ရောက်ရှိခြင်း၊ ဟောပြောခြင်းကို ဆိုသည်လို့ ကျွန်တော်တို့ ဒီလိုမျိုး ရေးထားပါတယ်။ ဒီနေရာမှာ ဤဥပဒေအရ သတ်မှတ်ခွင့်ပြုသည် ဆိုသည့်အချက်ကို ကျွန်တော့်အနေနဲ့ ပယ်ဖျက်လိုပါတယ်။ ၂၀၀၈ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၅၇ အရ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်သည် နိုင်ငံသားတို့ရဲ့ မူလအခွင့်အရေးဖြစ်ပါတယ်။ ဒါကြောင့် ငြိမ်းချမ်းစွာ စုဝေးချင်တယ် စီတန်းလှည့်လည် ချင်တယ်ဆိုရင် သက်ဆိုင်ရာကို ဒီဥပဒေမှာလည်း ပါပါတယ်။ အသိပေးတင်ပြဖို့ပဲ ဖြစ်ပါတယ်။ ခွင့်ပြုချက်တောင်းဖို့ မဟုတ်ပါဘူး။ ဒါကြောင့်မို့လို့ ခွင့်ပြုချက်ယူရတာ မဟုတ်တဲ့အတွက် သတ်မှတ် ခွင့်ပြုသည်ဆိုတဲ့ စကားရပ်ကို ပယ်ဖျက်စေချင်ပါတယ်။

နောက်တစ်ခုကတော့ ခုနက ဆရာဦးဌေးဦး ဆွေးနွေးသွားတဲ့အချက်ပါ။ တစ်ဦးထက်ပိုသူများ ဆိုတဲ့နေရာမှာ တစ်ဦးတည်းဆိုတာ ကျွန်တော်တောင် ကျွန်တော့်အနေနဲ့ ဒီဟာကို ထောက်ခံဆွေးနွေးပါတယ်။ မှန်ပါတယ်။ ကျွန်တော်တို့ ဒီနေရာမှာ ပြင်ဆင်လိုတဲ့အချက်အနေနဲ့ အပိုဒ် ၂၊ အပိုဒ်ခွဲ (ခ)ကို ကျွန်တော်ပြင်ဆင်ချင်တာကတော့ ငြိမ်းချမ်းစွာစုဝေးခြင်းဆိုသည်မှာ အများပြည်သူဆိုင်ရာ နေရာတွင် မိမိသဘောထားဆန္ဒကို ဖော်ပြရန်အလို့ငှာ တစ်ဦးတည်းကဖြစ်စေ၊ တစ်ဦးထက်ပိုသူများကဖြစ်စေ လက်နက်မပါဘဲ ငြိမ်းချမ်းစွာစုဝေးခြင်း၊ အစည်းအဝေးပြုလုပ်ခြင်း၊ သပိတ်ပြုလုပ်ခြင်း၊ ဟောပြောခြင်း၊ ဆန္ဒထုတ်ဖော်ခြင်းတို့ကို လုပ်ဆောင်ခြင်းနှင့် ပူးပေါင်းပါဝင်ခြင်းတို့ကို ဆိုလိုသည်လို့ ကျွန်တော့်အနေနဲ့ ပြင်ဆင်လိုပါတယ်။ ဒါနဲ့ တစ်ဆက်တစ်စပ်တည်းမှာပဲ အပိုဒ် ၂၊ အပိုဒ်ခွဲ(ဂ)မှာ ပါရှိနေတဲ့ သတ်မှတ် ခွင့်ပြုသည်ဆိုတဲ့ အချက်ကို ပယ်ဖျက်ချင်ပါတယ်။ ရှေ့ပိုင်း စကားရပ်အရပဲ ကျွန်တော်တို့ ပယ်ဖျက်ချင်ပါတယ်။ ပြီးတဲ့အခါမှာ ခုနက ဆရာဦးဌေးဦး ဆွေးနွေးသွားသလိုပါပဲ။ တစ်ဦးထက်ပိုသူများက ဆိုတဲ့ အပိုင်းလေးကို ကျွန်တော်တို့က တစ်ဦးတည်းကဖြစ်စေ၊ တစ်ဦးထက်ပိုသူများကဖြစ်စေလို့ ပြင်ဆင် စေချင်ပါတယ်။

ဆက်လက်ပြီးတော့ အပိုဒ် ၂၊ အပိုဒ်ခွဲ(င)မှာပါတဲ့ ပိုစတာဆိုသည်မှာ လူတစ်ဦးတစ်ယောက်၏ အသရေကို နစ်နာမှုမဖြစ်စေသော ဆိုတဲ့ စကားရပ်ကို ပယ်ဖျက်လိုပါတယ်။ ဒီစကားရပ်အနေနဲ့တော့ မလိုအပ်ဘူးလို့ ထင်မြင်ပါတယ်။ လူတစ်ဦးကနေ အခြားလူတစ်ဦးကိုဖြစ်စေ၊ အခြားအသင်းအဖွဲ့ကို ဖြစ်စေ၊ ဂုဏ်သိက္ခာအားဖြင့်ဖြစ်စေ၊ အသရေကိုနစ်နာအောင် ပြုလုပ်လျှင်ဖြစ်စေ၊ အရေးယူရမယ်ဆိုတဲ့ တည်ဆဲဥပဒေတွေ ပြဋ္ဌာန်းထားပြီး ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အပိုဒ်၂၊ အပိုဒ်ခွဲ(င)ကို ပိုစတာ

ဆိုသည်မှာ မိမိဆန္ဒသဘောထားနှင့် လိုလားချက်တို့ကို စာဖြင့်ရေးသား၍ ဖြစ်စေ၊ ဆိုင်းဘုတ်၊ ရုပ်ပုံ၊ ဓာတ်ပုံ၊ ပန်းချီ၊ ကာတွန်း သို့မဟုတ် ရုပ်တုဖြင့်ဖြစ်စေ ရုပ်မြင်သံကြားထုတ်လွှင့်သည့် နည်းလမ်းဖြင့် ဖြစ်စေ၊ အခြား တစ်နည်းနည်းဖြင့်ဖြစ်စေ ဖော်ပြပြီး လက်တွင်ကိုင်ဆောင်နိုင်ရန် မြေတွင်စိုက်ထူနိုင်ရန်၊ အရာဝတ္ထု တစ်ခုခုတွင် ကပ်ထားနိုင်ရန် သို့မဟုတ် တစ်နည်းနည်းဖြင့် ဖော်ပြနိုင်ရန် စီမံပြုလုပ်ထား သည့်အရာကို ဆိုသည်ဟု ကျွန်တော့်အနေနဲ့ ပြင်ဆင်လိုပါတယ်။ တစ်ဆက်တည်းမှာပဲ အပိုဒ် ၂၊ အပိုဒ်ခွဲ (စ)မှာပါတဲ့ လူတစ်ဦးတစ်ယောက်၏ အသရေကိုနစ်နာမှု မဖြစ်စေသောဟူသည့် စကားရပ်ကို ပယ်ဖျက် ပြီးတော့ ဆိုင်းဘုတ်ဆိုသည်မှာ ပါတီ သို့မဟုတ် အသင်း သို့မဟုတ် အဖွဲ့အစည်းတစ်ခုခု၏ အမည်၊ အထိမ်းအမှတ်၊ တံဆိပ်တို့ကို ရေးသားဖော်ပြခြင်းများ၊ ရေးသားဖော်ပြချက်များအပါအဝင် မိမိဆန္ဒ သဘောထားနှင့် လိုလားချက်တို့ကို စာဖြင့်ရေးသား၍ လက်တွင်ကိုင်ဆောင်နိုင်ရန်၊ မြေတွင် စိုက်ထူ နိုင်ရန်၊ တစ်နေရာရာ၌ ချိတ်ဆွဲနိုင်ရန် သို့မဟုတ် တစ်နည်းနည်းနှင့်ဖော်ပြနိုင်ရန် စီမံပြုလုပ်ထားသော အရာကို ဆိုသည်ဟု ပြင်ဆင်လိုပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အပိုဒ် ၃ ရဲ့ အပိုဒ်ခွဲ (ခ)မှာ နိုင်ငံသားတိုင်းသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် ပြည်သူတို့၏ ကိုယ်ကျင့် တရားအကျိုးတို့ကို ထိန်းသိမ်းစောင့်ရှောက်ရန်ဆိုတဲ့ စကားရပ်ကို ပြင်ဆင်လိုပါတယ်။ ဒီစကားလုံးကြီး တွေကြားရတဲ့အခါမှာ ပြည်သူတွေလည်း စိတ်မသက်မသာ ဖြစ်ရပါတယ်။ ဒီစကားလုံးဟာလည်း ခေတ်အဆက်ဆက်သုံးစွဲခဲ့တဲ့ စကားရပ်တွေလည်း ဖြစ်နေတာဖြစ်ပါတယ်။ ဒီအချိန်ဟာ ပြည်သူ့အစိုးရ ဖြစ်ပါတယ်။ ပြည်သူက ရွေးချယ်တင်မြှောက်လိုက်တဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးတွေကလည်း လွှတ်တော်ထဲမှာ ဥပဒေပြုခွင့်တွေ ရနေတာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ပြည်သူ့အစိုးရဖြစ်တာနဲ့အညီ ပြည်သူတွေရဲ့ အခြေခံလူ့အခွင့်အရေးများကို လေးစားလိုက်နာနိုင်ရန် အထောက်အပံ့ ဖြစ်စေမယ့်၊ အင်အားဖြစ်စေမယ့်၊ စကားလုံးတွေနဲ့ပဲ ပြင်ဆင်စေလိုပါတယ်။ ဒါကြောင့်မို့လို့ အပိုဒ်၃ ၊ အပိုဒ်ခွဲ(က)ကို နိုင်ငံအတွင်း နေထိုင်သူ လူသားအားလုံး တရားဥပဒေစိုးမိုးပြီး အခြေခံလူ့အခွင့်အရေးများ လိုက်နာ ကျင့်သုံးနိုင်သည့် ဒီမိုကရက်တစ် လူ့အဖွဲ့အစည်း ပေါ်ထွန်းစေရန် ဆိုပြီးတော့ ပြင်ဆင်လိုပါတယ်ခင်ဗျား။

လေးစာအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အပိုဒ် ၉ ရဲ့ အပိုဒ်ခွဲ(က)မှာပါတဲ့ အများပြည်သူကို အနှောင့်အယှက် အဟန့်အတားဖြစ်စေခြင်း၊ စိတ်ငြိုငြင်စေခြင်း၊ အန္တရာယ်ဖြစ်စေခြင်း သို့မဟုတ် ထိခိုက်နစ်နာစေခြင်း ဖြစ်စေနိုင်သည့် အပြောအဆို၊ အပြုအမူ မပြုလုပ်ရဆိုတဲ့ စကားရပ်ကိုလည်း ပြင်ဆင်ချင်ပါတယ်။ ကျွန်တော် ပြင်ဆင်လိုတဲ့အချက်ကတော့ အများပြည်သူကို အဓမ္မဖိအားပေး ဆွဲဆောင်ခြင်း၊ ရိုင်းပျစော်ကားခြင်း၊ အန္တရာယ်ဖြစ်စေခြင်း သို့မဟုတ် ထိခိုက်နစ်နာစေခြင်းသော်လည်း ကောင်း၊ ယင်းသို့ဖြစ်တန်ရာသည်ဟု စိုးရိမ်ထိတ်လန့်စေခြင်းသော်လည်းကောင်း ဖြစ်စေနိုင်သည့် အပြောအဆို၊ အပြုအမူကို မပြုလုပ်ရလို့ ပြင်ဆင်ချင်ပါတယ်။ ဒါဟာ ပြည်သူလူထုအနေနဲ့ မိမိတို့ရဲ့ ခံစားချက်တွေ၊ နစ်နာချက်တွေကို ကျွန်တော်တို့ ဖော်ထုတ်ခွင့်ပေးရမှာ ဖြစ်ပါတယ်။ အစိုးရမကောင်းရင် လည်း မကောင်းတာကို ပြောရဲဖို့ကို လမ်းဖွင့်ပေးထားရမှာ ဖြစ်ပါတယ်။ မိမိတို့ရဲ့ ပတ်ဝန်းကျင်မှာ နစ်နာချက်တွေကို ဖော်ထုတ်ဖို့၊ ဒါကို ငြိမ်းချမ်းစွာနဲ့ ပေးထားတဲ့ ဥပဒေဘောင်အတွင်းကနေ ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဒီလို ဖော်ထုတ်တဲ့ အခါမှာ မိမိဆန္ဒအတိုင်း လိုက်ပါစေဖို့ အတင်းအဓမ္မ ဖိအားပေးဆောင်ရွက်တာတွေ မပြုလုပ်စေချင်တဲ့ ရည်ရွယ်ချက်ပါ။ မိမိဆန္ဒနဲ့ ငြိမ်းချမ်းစွာဆန္ဒပြနိုင်တယ်။

မိမိ ဆန္ဒကိုထုတ် ဖော်နိုင်တယ်။ ဒါပေမဲ့ တစ်ဖက်လူကို မိမိလုပ်သလို အတင်းအဓမ္မ လုပ်ရမယ် ဆိုတဲ့ ဖိအားပေးခြင်း၊ ခြိမ်းခြောက်ခြင်းတွေကို ကျွန်တော်တို့ မဖြစ်စေချင်ပါဘူး။ ဒါကြောင့်မို့လို့ ဆွေးနွေးတဲ့ အခါမှာတော့ အချိန်ကိုလည်း ငဲ့ညှာတဲ့အနေနဲ့ ဒီလောက်ပဲ ကျွန်တော့်အနေနဲ့ အကျဉ်းချုံးဆွေးနွေးချင် ပါတယ် ဒီအချက်ကို။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အပိုဒ် ၉၊ အပိုဒ်ခွဲ (ခ)မှာပါတဲ့ ခွင့်ပြုထားသော စုဝေးသည့်နေရာ သို့မဟုတ် စီတန်းလှည့်လည်သည့် လမ်းကြောင်းတစ်လျှောက်ရှိ ပြည်သူပိုင်ပစ္စည်း၊ အများပိုင်ပစ္စည်း၊ ပုဂ္ဂလိကပိုင် ပစ္စည်းများကို ထိခိုက်ပျက်စီးစေမည့် အပြုအမူ၊ ပတ်ဝန်းကျင် ညစ်ညမ်း စေမည့် အပြုအမူများ မပြုလုပ်ရ ဆိုတဲ့ အပိုဒ်ကို ပယ်ဖျက်ရင် ကောင်းမယ်လို့ အကြံပြုလိုပါတယ်။ ပြည်သူပိုင်ပစ္စည်း၊ အများပိုင်ပစ္စည်း၊ ပုဂ္ဂလိကပိုင် ပစ္စည်းများအား ဖျက်ဆီးပါက အရေးယူခံရဖို့ဆိုတာ ဥပဒေမှာ ပြဋ္ဌာန်းထားပြီးသား ဖြစ်ပါတယ်။ ထိုနည်းတူ ပတ်ဝန်းကျင်ကို ညစ်ညမ်းစေတဲ့ အပြုအမူတွေကို ပြုလုပ်လာမယ်ဆိုရင်လည်း တည်ဆဲဥပဒေများအရ အရေးယူခံရမှာ ဖြစ်ပါတယ်။ ဒီလို အချက်အလက် အမြောက်အမြားတွေကိုသာ လိုက်ထည့်မယ်ဆိုရင် ဥပဒေထဲမှာ ပွရောင်းရောင်း ဖြစ်ပြီးတော့ လေးနက်မှု မရှိမှာကိုလည်း ကျွန်တော်စိတ်ပူပါတယ်။ မလိုလားအပ်တဲ့ ခြိမ်းခြောက်မှု ပုံသဏ္ဍာန်မျိုးကို ပြည်သူလူထု ခံစားသွားရမှာကိုလည်း မဖြစ်စေလိုပါဘူး။ ဒါကြောင့်မို့လို့ အခုလိုဆွေးနွေးတင်ပြရခြင်း ဖြစ်ပါတယ်။ ကျန်တာကတော့ ကျန်တဲ့ -------------------။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဆယ်မိနစ်ပြည့်ပါပြီ။

**အချိန်၊ ၁၀း၄၃။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကျော်ထွေး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၄၃။**

**ဦးကျော်ထွေး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး နှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကျော်ထွေး ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ ငြိမ်းချမ်းစွာစုဝေးခွင့်နဲ့ ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေကြမ်းအပေါ် အကြံပြုချက်ကို Power point ဖြင့် တင်ပြခွင့်ပြုပါခင်ဗျား။ မူရင်းဥပဒေကြမ်းမှာ ပါရှိတဲ့ ပုဒ်မ ၂ (ဂ)ပါ ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုသည်မှာ ဤဥပဒေအရ သတ်မှတ်ခွင့်ပြုသည့် အများပြည်သူဆိုင်ရာ လမ်းတွင် မိမိ၏ သဘောဆန္ဒကိုဖော်ပြရန် အလို့ငှာ တစ်ဦးထက်ပိုသူများက သတ်မှတ်သည့် စည်းကမ်းများနှင့် အညီ လက်နက်မပါဘဲ ငြိမ်းချမ်းစွာ စနစ်တကျ လှည့်လည်ခြင်းကို ဆိုလိုသည်ဆိုတဲ့ နေရာမှာ ကျွန်တော် တို့ ငြိမ်းချမ်းစွာ စနစ်တကျလှည့်လည်ခြင်း၊ ကြွေးကြော်ဆန္ဒဖော်ထုတ်ခြင်းကို ထည့်သွင်းရေးဆွဲစေချင်ပါ တယ်။ ဒါကလည်း ပုဒ်မ ၄၊ အပိုဒ် (ခ) ရှေ့နောက်ညီညွတ်စေရန် ဖြစ်ပါတယ်။ အခန်း (၃)၊ ပုဒ်မ ၄ (ခ)မှာ ဘယ်လိုပါသလဲဆိုတော့ ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်း ပြုလုပ်လိုသည့် ရည်ရွယ်ချက်၊ လမ်းကြောင်း၊ နေ့ရက်၊ ဖြတ်သန်းလိုသည့်မြို့နယ်များ အချိန်အပိုင်းအခြားနဲ့ ကြွေးကြော်လိုသည့်

ကြွေးကြော်သံများ ဆိုပြီးပါပါတယ်။ ဒါကြောင့် ကြွေးကြော်ဆန္ဒဖော်ထုတ်ခြင်းလေး တစ်ခုထပ်ဖြည့်စေချင်ပါတယ်။

နောက် အခန်း (၂) ရည်ရွယ်ချက်မှာ ရှိတဲ့ ပုဒ်မ ၃ (က)ပါ နိုင်ငံသားတိုင်းသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် ပြည်သူတို့၏ ကိုယ်ကျင့်တရားတို့ကို ထိန်းသိမ်းစောင့်ရှောက်ရန် ဆိုတဲ့အပိုဒ်မှာ နိုင်ငံသားတိုင်းသည် နိုင်ငံတော် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် ပြည်သူတို့၏ကိုယ်ကျင့်တရား၊ အကျိုးစီးပွားတို့ကို ထိန်းသိမ်းစောင့်ရှောက်ရန်နဲ့ နိုင်ငံသားဆိုင်ရာ အခွင့်အရေးများကို ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ ကျင့်သုံးနိုင်စေရန် ဆိုပြီးကျွန်တော် ထပ်ဖြည့်ချင်ပါတယ်။ ဒါကလည်း ဖွဲ့စည်းပုံ အခြေခံဥပဒေ အခန်း(၈)မှာ ပါဝင်တဲ့ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များကို ဆိုတာကို အသုံးချနိုင်စေရန် ဖြစ်ပါတယ်။ နောက် အခန်း (၃)မှာပါရှိတဲ့ အသိပေး တင်ပြခြင်းအပိုင်းကို ဆွေးနွေးချင်ပါတယ်။ ပုဒ်မ ၄ မှာ မိမိသဘောထားဆန္ဒများကို ဖော်ပြရန်အလို့ငှာ ငြိမ်းချမ်းစွာစုဝေးခွင့်၊ ငြိမ်းချမ်းစွာ စီတန်း လှည့်လည်ခြင်းအခွင့်အရေးတို့ကို သုံးစွဲဆောင်ရွက်လိုသော နိုင်ငံသားများ သို့မဟုတ် အဖွဲ့အစည်း များသည် အောက်ပါအချက်များပါရှိသော အသိပေးတင်ပြခြင်းများကို သက်ဆိုင်ရာ မြို့နယ်ရဲတပ်ဖွဲ့မှူးထံ ယင်းသို့ဆောင်ရွက်မည့် နေ့မတိုင်မီ အနည်းဆုံး (၄၈)နာရီ ကြိုတင်တင်ပြရမည်။ ဖြတ်သန်းသည့် မြို့နယ်များရှိပါက သက်ဆိုင်ရာ မြို့နယ်ရဲတပ်ဖွဲ့မှူးထံ (၄၈)နာရီ ကြိုတင်၍ မိတ္တူပေးပို့ရမည်လို့ ပါရှိပါတယ်။ အဲဒီမှာ ဖြတ်သန်းမည့် မြို့နယ်များရှိပါက မူလမြို့နယ်ရဲတပ်ဖွဲ့မှူးမှ သက်ဆိုင်ရာ မြို့နယ်ရဲတပ်ဖွဲ့မှူးများထံကို အချိန်မီ ဆက်လက်အကြောင်းကြား ဆက်သွယ်ပေးရမည်လို့ ပြင်စေချင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဆန္ဒဖော်ထုတ်မယ့် သူတွေဟာ ဖြတ်သန်းမယ့် မြို့နယ်ရဲတပ်ဖွဲ့မှူးများထံကို (၄၈)နာရီ ကြိုတင်သတင်းပို့ပေးရမယ့်အစား သက်ဆိုင်ရာမူလမြို့နယ် ရဲတပ်ဖွဲ့မှူးကနေ တစ်ဆင့်တာဝန်ရှိသူတွေ အချင်းချင်း အကြောင်းကြားခြင်းက ပိုမိုလွယ်ကူစေပြီးတော့ ပိုမိုလည်း သင့်တော်ပါတယ်။ အချိန်ကုန်လည်း သက်သာပြီးတော့ အစစအရာရာ အဆင်ပြေချောမွေ့နိုင်မှာ ဖြစ်ပါတယ်။ အဲဒါကြောင့် ကျွန်တော် အဲဒါလေး ထပ်ဖြည့်စေချင်ပါတယ်။

နောက် ပုဒ်မ ၉ (က) အများပြည်သူကို အနှောင့်အယှက် အဟန့်အတား ဖြစ်စေသော စိတ်ငြိုငြင်စေခြင်း၊ အန္တရာယ်ဖြစ်စေခြင်း သို့မဟုတ် ထိခိုက်နစ်နာစေခြင်း ဖြစ်နိုင်တဲ့ အပြောအဆို သို့မဟုတ် အပြုအမူ မလုပ်ရဆိုတဲ့နေရာမှာ ကျွန်တော် ခုန ကိုသိမ်းဆွေ ဆွေးနွေးသွားသလို ပြည်သူတွေကို စိုးရိမ်ထိတ်လန့်စေတာတွေ၊ အဓမ္မဖိအားပေး ဆွဲဆောင်စေတာတွေ၊ ရိုင်းပျစော်ကားစေတဲ့ဟာတွေကို ထပ်ပြီးဖြည့်စေချင်ပါတယ်။ ဒါကတော့ ကျွန်တော်အကျယ် ရှင်းပြစရာ မလိုဘူးထင်ပါတယ်။နောက် ပုဒ်မ ၉(ဂ)ပါ ယာဉ်များနှင့် လမ်းသွားလမ်းလာများ၊ ပြည်သူများကို အနှောင့်အယှက်ဖြစ်စေသော တားဆီးပိတ်ဆို့ခြင်းများ မပြုလုပ်ရဆိုတဲ့အချက် ဖြစ်ပါတယ်။ အဲဒီမှာ ကျွန်တော်ပြည်သူများကို ရည်ရွယ်ချက်ဖြင့် အနှောင့်အယှက် ဖြစ်စေသော တားဆီးပိတ်ဆို့ခြင်းများ မပြုလုပ်ရဆိုတဲ့ ရည်ရွယ်ချက်ဆိုတဲ့ တစ်လုံးလေး ထပ်ဖြည့်စေချင်ပါတယ်။

ဘာကြောင့်လဲဆိုတော့ တချို့သော ဆန္ဒပြပွဲ အခြေအနေတွေမှာ မမျှော်လင့်တဲ့အခြေအနေကြောင့် လမ်းသွားလမ်းလာတွေကို အနှောင့်အယှက်ဖြစ်စေသလို တားဆီးမိသလိုဖြစ်စေတတ်တာကြောင့် တမင်တကာ ရည်ရွယ်ချက်ကြောင့်လား၊ မတော်တဆကြောင့်လားဆိုတာကို ခွဲခြားဆုံးဖြတ်နိုင်ဖို့ လိုပါတယ်။

အဲဒီမှာ ကျွန်တော် ပုဒ်မ တစ်ခုထပ်တိုးချင်ပါတယ်။ ပုဒ်မ ၉ (ဈ) ဖြစ်နိုင်ပါတယ်။ အဲဒါကတော့ လူသား အချင်းချင်း မတူကွဲပြားမှုကြောင့် ခွဲခြားနှိမ့်ချခြင်း၊ ဂုဏ်သိက္ခာ ညှိုးနွမ်းစေခြင်းတို့ကို ရည်ရွယ်သော အပြုအမူ အပြောအဆိုများ မပြုလုပ်ရလို့ ကျွန်တော် ထပ်ဖြည့်ချင်ပါတယ်။ အဲဒီမှာ လူသားအချင်းချင်း မတူကွဲပြားမှုကြောင့် ခွဲခြားနှိမ့်ချခြင်း၊ ဂုဏ်သိက္ခာ ညှိုးနွမ်းစေခြင်းမှာ မတူကွဲပြားမှုတွေက ကျား၊မ ကွဲပြားတာ လူမျိုး၊ ဘာသာ၊ အသားအရောင်၊ ဆင်းရဲတာ၊ ချမ်းသာတာ၊ ပိန်တာ၊ ဝတာ၊ အရပ်အနိမ့်အမြင့်၊ ကိုယ်အင်္ဂါမသန်စွမ်း ဖြစ်နေမှုတွေ အဲဒါတွေကြောင့် ဂုဏ်သိက္ခာ ချတာတွေ၊ ခွဲခြား နှိမ့်ချတာတွေဟာ ကျွန်တော်တို့ နိုင်ငံကြီးသား မပီသမှုတွေလို့ မြင်ပါတယ်။ ဒါကြောင့် ဆန္ဒပြသူတွေဟာ မိမိရဲ့ ယုံကြည်ချက်ကို ဖော်ထုတ်တဲ့အခါမှာ အဆင့်အတန်းမြင့်မြင့်နဲ့ ဖော်ထုတ်နိုင်သူတွေ ဖြစ်စေဖို့အတွက် ဒီအချက်လေးကို ဖြည့်စေချင်ပါတယ်။ နောက် ပုဒ်မ ၁၄ မှာရှိတဲ့ တာဝန်ရှိပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းက တားမြစ်ပြီး နောက် ဆက်လက်စည်းကမ်း ဖောက်ဖျက်ခြင်းများ၊ လူစုမကွဲဘဲ စုဝေးစီတန်း လှည့်လည်ခြင်းများ ရှိနေပါက မြို့နယ်ရဲတပ်ဖွဲ့မှူးသည် တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်းလုပ်ထုံးလုပ်နည်းနဲ့အညီ လူစုကွဲသည်အထိ ဆက်လက်အရေးယူ ဆောင်ရွက်မည်လို့ ဖော်ပြထားပါတယ်။ အဲဒီမှာ ကျွန်တော်က တာဝန်ရှိပုဂ္ဂိုလ်တွေက ဆောင်ရွက်တဲ့အခါမှာ ထိုသို့ အရေးယူဆောင်ရွက်ရာတွင် အင်အားအလွန်အကျွံ သုံးစွဲခြင်းနဲ့ အသက်အန္တရာယ် ထိခိုက်စေခြင်းတို့ မရှိစေရန် ပြုမူဆောင်ရွက်ရမည်လို့ ထပ်ဖြည့်စေချင်ပါတယ်။ ဒါဘာကြောင့်လဲဆိုတော့ စည်းကမ်း ချိုးဖောက်မှုတွေကို ထိန်းသိမ်းတဲ့အခါမှာ ထိန်းသိမ်းမှုကနေပြီးတော့ ဖိနှိပ်တာတွေ၊ နှိမ်နင်းတာတွေ၊ အကြမ်းဖက်တာတွေအထိ မရောက်ရှိစေဖို့ ရည်ရွယ်ထားခြင်း ဖြစ်ပါတယ်။

နောက် ပုဒ်မ ၁၅ မှာ ပါရှိတဲ့ ဤဥပဒေနှင့်အညီ အသိပေးတင်ပြခြင်း မရှိဘဲ စုဝေးခြင်း၊ စီတန်းလှည့်လည်ခြင်း ပြုလုပ်မည့် မည်သည့်ပုဂ္ဂိုလ် အဖွဲ့အစည်းမဆို စုဝေးခြင်း သို့မဟုတ် စီတန်းလှည့်လည်ခြင်း ပြုတဲ့နေရာတွင် သက်ဆိုင်ရာ မြို့နယ်ရဲတပ်ဖွဲ့မှူးသည် ပုဒ်မ ၁၄ ပါ ပြဋ္ဌာန်းချက်အတိုင်း ဆောလျင်စွာ အရေးယူဆောင်ရွက် ရမည်လို့ ဖော်ပြတဲ့နေရာမှာ ထိုသို့ အရေးယူဆောင်ရွက်ရာတွင် အင်အားအလွန်အကျွံ သုံးစွဲခြင်း နှင့် အသက်အန္တရာယ် ထိခိုက်စေခြင်းတို့ မရှိစေရန် ပြုမူဆောင်ရွက်ရမည်လို့ ထပ်ဖြည့်စေချင်ပါတယ်။ အထက်က ပုဒ်မအတိုင်းပါပဲ။ နောက်ပုဒ်မ ၂၀ မှာပါရှိတဲ့ မည်သူမဆို ဤဥပဒေပါ ပြစ်မှုတစ်ခုကို ဖောက်ဖျက်ကျူးလွန်ပါက ထိုသူကိုသက်ဆိုင်ရာ တရားရုံးသို့ (၁၅)ရက်အတွင်း တရားစွဲဆို တင်ပို့ရမည် ဆိုတဲ့နေရာမှာ (၁၅)ရက်နေရာမှာ ကျွန်တော်တို့ (၇)ရက်ဖြင့် ပြောင်းလဲစေချင်ပါတယ်။ တကယ်တော့ ကျူးလွန်တဲ့သူတွေ ထင်ရှားပြီး တရားစွဲဆိုတဲ့ နေရာမှာ တစ်ပတ်ဆိုတဲ့အချိန်ဟာ လုံလောက်ပါတယ်။ အရေးယူရန် ကြန့်ကြာနေမှုတွေက ပြစ်မှုကျူးလွန်သူတွေအတွက် မမျှော်လင့်နိုင်တဲ့၊ မမျှော်မှန်းနိုင်တဲ့ အခွင့်အရေးတွေ ပေးထားသလို ဖြစ်တတ်ပါတယ်။ ပုဒ်မ ၂၁ မှာ ပါရှိတဲ့ ဤဥပဒေအရ တရားစွဲဆိုရာတွင် ဆက်စပ်မြို့နယ်များ ပါဝင်နေပါက သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်းဖြစ်လျှင် ပြစ်မှုကို စတင်ဖောက်ဖျက်ကျူးလွန်သည့် မြို့နယ်တရားရုံးကသာ စီရင်ခွင့်ရှိတယ်ဆိုတဲ့နေရာမှာ ကျွန်တော် ထိုသို့ စီရင်ရာတွင် အကြောင်းအရာ တစ်ခုတည်းနဲ့ ပတ်သက်၍ အရေးယူ ဆောင်ရွက်မှုကို တစ်ကြိမ်တည်းသာ ပြုလုပ်ရမည်လို့ ထပ်ဖြည့်ချင်ပါတယ်။ အဲဒါကတော့ ကျွန်တော်တို့ ယခင်အဖြစ်အပျက်တွေကို နမူနာယူဖို့ တင်ပြခြင်း ဖြစ်ပါတယ်။

နောက်ဆုံးအနေနဲ့ကတော့ ပုဒ်မ ၂၄ မှာ ကျွန်တော်တို့ အပိုဒ်(ဂ)အနေနဲ့ထပ်တိုး စေချင်ပါတယ်။ အဲဒါကတော့ တာဝန်ရှိသူများ အနေနဲ့ ဤဥပဒေပါလိုက်နာ ဆောင်ရွက်ပေးရန် ရှိသည်များကို ပျက်ကွက်ခြင်း သို့မဟုတ် ဥပဒေပါပြဋ္ဌာန်းချက်များကို ကျော်လွန်ဆောင်ရွက်ခြင်းများ ရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ စုံစမ်းစစ်ဆေးခြင်း၊ အရေးယူခြင်းခံရမည်လို့ ထပ်ဖြည့်စေချင်ပါတယ်။ အဲဒါကတော့ ကျွန်တော်တို့ တာဝန်ထမ်းဆောင်နေသူတွေကို တာဝန်ဝတ္တရားကို တိတိကျကျ ဆောင်ရွက် ပေးစေချင်တဲ့ အတွက်သာ ဖြစ်ပါကြောင်း ကျွန်တော် အကြံပြုတင်ပြ အပ်ပါတယ်။ အားလုံးကို ကျေးဇူး တင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၅၂။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရဲ့ ဆွေးနွေးချက်များနဲ့ ပတ်သက်ပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီက ပြန်လည်ကြားနာဆောင်ရွက်ဖို့ ဆုံးဖြတ်ပါတယ်။

**အချိန်၊ ၁၀း၅၂။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အစည်းအဝေးကို ခေတ္တရပ်နားပါမယ်။ ၁၁း၁၅ မိနစ်အချိန်မှာ ပြန်လည်စတင်မှာဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၀း၅၂ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁း၁၅ နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၁း၁၅။**

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဒေါက်တာမျိုးအောင်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)(အဖွဲ့ဝင်၊ဥပဒေကြမ်းကော်မတီ)က ရန်ကုန်မြို့တော် စည်ပင်သာယာရေး ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော် ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း**

**အချိန်၊ ၁၁း၁၅။**

**ဥက္ကဋ္ဌ။** ။ အစည်းအဝေး ပြန်လည်စတင်ပါမယ်။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကရင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၀)မှ ဥပဒေကြမ်းကော်မတီ အဖွဲ့ဝင် ဒေါက်တာမျိုးအောင် က ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၂၊ နည်းဥပဒေခွဲ(ခ)အရ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။

ယခု ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၇၊ နည်းဥပဒေခွဲ(က)အရ ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် အဆိုကို ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဒေါက်တာမျိုးအောင် က အမျိုးသားလွှတ်တော်သို့ တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၁၆။**

**ဒေါက်တာမျိုးအောင်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက် ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၀)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဒေါက်တာမျိုးအောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်မြို့တော် စည်ပင်သာယာရေးဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုကို တင်သွင်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေကို နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၁၁/၉၀ ဖြင့် ၁၉၉၀ ပြည့်နှစ်က ပြဋ္ဌာန်းခဲ့ခြင်း ဖြစ်ပါတယ်။ ယခုအခါ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား(၂)ပါ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းအရ ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေကို ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်က ရေးဆွဲပြဋ္ဌာန်းခဲ့ပြီး ဖြစ်တဲ့အတွက် ဒီရန်ကုန်မြို့တော် စည်ပင်သာယာရေးဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်မှ ဆွေးနွေးစဉ်းစားနိုင်ပါရန် အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၁၇။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၁း၁၇။**

**ဒေါ်ကျိန်ငိုက်မန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံးမင်္ဂလာပါလို့ ကျွန်မက နှုတ်ခွန်းဆက်သလိုက်ပါတယ်ရှင်။ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဒေါက်တာမျိုးအောင် တင်သွင်းသည့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား ဆွေးနွေးစဉ်းစားရန်အဆိုကို ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ကျွန်မ ဒေါ်ကျိန်ငိုက်မန် က ထောက်ခံအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်ရှင်။ (ဩဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ရန်ကုန်မြို့တော် စည်ပင်သာယာရေးဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား လက်ခံဆွေးနွေးရန် သင့်/မသင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁း၁၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်ရဲ့ သဘောထား ရယူပါမယ်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေး ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဒေါက်တာမျိုးအောင် တင်သွင်းသည့် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်းနှင့် ဥပဒေကြမ်းကော်မတီသို့ လွှဲအပ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၂၆) ရက်မြောက်နေ့ရပ်နားကြောင်းနှင့် (၂၇) ရက်မြောက်နေ့အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၁း၁၉။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး(၂၆)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၂၇)ရက်မြောက်နေ့ကို ၂၀၁၆ခုနှစ်၊မေလ ၂၀ ရက် (သောကြာနေ့)နံနက် ၁၀း၀၀ အချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့ကို ၁၁း၁၉ နာရီအချိန်တွင် ရပ်နားပါသည်။]